
ဘာသာပြန် စာရေးဆရာ - Shanhtet
ငါက အရာရာသတိထားရင်း
အသန်မာဆုံးဖြစ်လာခဲ့တယ်
စာစဉ် – ၉၆

## အခန်း ၁၃၄၃
## နက္ခတ်တာရာ ပင်လယ်ပြင် (၁၄၈)
*

ဝုန်း…။

မရေမတွက်နိုင်သော အမြောက်ဆန်များ၏ ဒဏ်ကြောင့် နက်သာမျိုးနွယ်စု၏ အခြေစိုက်စခန်းအတွင်း၌ ပြင်းထန်သော ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပွားလေတော့သည်။

ယင်းကား ပြည်တည်နေသော အနာစိမ်းတစ်ခုအား အားဖြင့် ညှစ်ထုတ်လိုက်သကဲ့သို့ ရှိချေရာ အတွင်းရှိ နီမြန်းသော အရည်များမှာ မီးတောင်ပေါက်ကွဲသကဲ့သို့ အမြင့်ပေသောင်းချီသော လေထုအတွင်းသို့ ပန်းထွက်သွားတော့သည်။

ထိုစဉ် နက်သာနဂါးတစ်ကောင်သည် ကောင်းကင်ယံသို့ ပျံတက်လာချေသည်။ နက်သာမျိုးနွယ်စုတို့၏ အစွမ်းထက်ဆုံးသော ဤလက်နက်မှာ ပြည့်စုံမှုမရှိသေးသည်မှာ ထင်ရှားလှပေသည်။

ယင်းသည် ဝေဟင်သို့ ပျံတက်ပြီးသည်နှင့် တစ်ပြိုင်နက် စစ်သင်္ဘော ရာပေါင်းများစွာ၏ စုပြုံပစ်ခတ်မှုကို ရင်ဆိုင်လိုက်ရပြီး ခဏချင်းမှာပင် အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်သွားရလေတော့သည်။

မီးလျှံပြိုဟ်ပေါ်၌ နီရဲသော သွေးမိုးများ ရွာသွန်းဖြိုးလျက် ရှိချေသည်။

ဆက်လက်၍ ဖျက်ဆီးခြင်းအလင်းတန်းတစ်ခုသည် အခြေစိုက်စခန်း၏

ဗဟိုချက်သို့ ကျရောက်ပြန်သည်။ ဂုဏ်သိက္ခာရှင် တော်ဝင်စစ်သင်္ဘော၏ အစွမ်းထက်အမြောက်ကြီးမှာ ဒုတိယအကြိမ် စွမ်းအင်ဖြည့်တင်းပြီးနောက် ဤဂြိုဟ်ပြင်ပ အခြေစိုက်စခန်းအား သေစေနိုင်သော ဒဏ်ချက်ကို ထပ်မံပေးလိုက်ခြင်းပင် ဖြစ်သည်။

ဤပစ်ခတ်မှုသည် နက်သာအခြေစိုက်စခန်းအား ထွင်းဖောက်သွားပြီးနောက် အချင်းသုံးကီလိုမီတာကျော်နှင့် အနက်ပေသောင်းချီသော တွင်းကြီးတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။

ဂြိုဟ်၏ လေးပုံတစ်ပုံခန့်ကို ဖုံးလွှမ်းထားသော နက်သာအခြေစိုက်စခန်းမှာ ခုခံနိုင်စွမ်း မရှိတော့ပေ။ ယင်းသည် ဆောင်းဦးရွက်ကြွေများကဲ့သို့ အလွှာလိုက် ကွာကျလျက် လျင်မြန်စွာပင် ညှိုးနွမ်းပျက်စီးသွားတော့သည်။

တစ်ချိန်တည်းမှာပင် အခြေစိုက်စခန်း၏ ထိန်းချုပ်မှုအောက်ရှိ ဂိုးစ်တိုက်လေယာဉ်များမှာလည်း တစ်စင်းပြီးတစ်စင်း ပျက်ကျကုန်ကြချေသည်။

ပူးပေါင်းတပ်ဖွဲ့ကြီးအတွက် အောင်ပွဲကား သေချာသွားပြီဖြစ်ရာ စစ်သင်္ဘောများအတွင်း၌ အောင်ပွဲခံသံများ ညံစီသွားတော့သည်။

မီးလျှံကြယ်စုတန်းအတွက် တိုက်ပွဲရလဒ်မှာ ထင်မှတ်ထားသည်ထက် ပိုမိုကောင်းမွန်ခဲ့ပြီး အနန္တကြယ်ပျက်သင်္ဘော တစ်စင်းမျှ ဆုံးရှုံးမှုမရှိဘဲ ထိခိုက်ပျက်စီးမှုများမှာလည်း ထိန်းချုပ်နိုင်သော အခြေအနေတွင်သာ ရှိချေသည်။

အမြင့်ဆုံးတပ်မှူး၏ အမိန့်နှင့်အတူ ပူးပေါင်းတပ်ဖွဲ့မှာ အကြီးစား ကုန်းပြင်စစ်ဆင်ရေးများကို စတင်လေတော့သည်။ ကုန်းယာဉ်များမှာ ဂြိုဟ်၏ မျက်နှာပြင်သို့ တစ်စင်းပြီးတစ်စင်း ဆင်းသက်လာကြသည်။

ထိုစဉ် စစ်နတ်ဘုရား မက်ကာကို မောင်းနှင်နေသော ဝမ်ချန်မှာ မီးလျှံဂြိုဟ်ပေါ်သို့ ပထမဆုံး ဆင်းသက်လာသူ ဖြစ်ချေသည်။

သူသည် ယခင်တိုက်ပွဲများတွင် ပါဝင်ခဲ့သော်လည်း အခြားသော ပိုင်းလော့များကဲ့သို့ပင် နောက်ခံလူမျှသာ ဖြစ်ခဲ့သည်။

စစ်မှန်သော ဇာတ်လိုက်များကား အနန္တကြယ်ပျက်သဘော်ကြီးများပင် ဖြစ်ချေသည်။ ဝမ်ချန်သည် ဂိုးစ်တိုက်လေယာဉ် အများအပြားနှင့် နက်သာစစ်သဘော်၊ နှစ်စင်းကို ချေမှုန်းနိုင်ခဲ့သော်လည်း ယင်းအောင်မြင်မှုများမှာ ယခင်ကထက် ထူးခြားမှု မရှိလှပေ။

ဂြိုဟ်ဖျက်အမြောက်က နက်သာအခြေစိုက်စခန်းကို ပစ်ခတ်ချိန်၌ ဝမ်ချန်မှာ ဘေးကြည့်ကြည့်နေသူမျှသာ ဖြစ်သည်။ သူသည် နောက်ဆက်တွဲ ရှင်းလင်းရေး စစ်ဆင်ရေးများတွင် ပါဝင်ရန် အစီအစဉ် မရှိခဲ့ပေ။

သို့သော်လည်း မမျှော်လင့်ထားသော အခြေအနေတစ်ခုက ဝမ်ချန်၏ စိတ်ကူးကို ချက်ချင်းပင် ပြောင်းလဲသွားစေခဲ့သည်။

နက်သာအခြေစိုက်စခန်း၏ ဗဟိုချက်ကို ထွင်းဖောက်သွားသော တော်ဝင်စစ်သဘော်၏ ဒုတိယအကြိမ် ပစ်ခတ်မှုအပြီးတွင် သူသည် လောကအမြူတေ၏ တည်ရှိမှုကို ခံစားလိုက်ရခြင်းပင် ဖြစ်သည်။

ထိုအရှိန်အဝါမှာ နက်သာအခြေစိုက်စခန်း၏ အတွင်းပိုင်းမှ ထွက်ပေါ်လာခြင်း ဖြစ်ချေသည်။

ထို့ကြောင့် ဝမ်ချန်သည် တုံ့ဆိုင်းမနေတော့ဘဲ မက်ကာ၏ အင်ဂျင်ကို အစွမ်းကုန်မြှင့်ကာ အမြောက်ဒဏ်ကြောင့် ဖြစ်ပေါ်နေသော တွင်းနက်ကြီးအတွင်းမှတစ်ဆင့် အခြေစိုက်စခန်း၏ ဗဟိုချက်ဆီသို့ အရှိန်အဟုန်ဖြင့် ပြေးဝင်သွားတော့သည်။

သူသည် အင်ပါယာ နဂါးမြင်းတပ်ဖွဲ့ဝင် ဖြစ်သလို ဂုဏ်သိက္ခာရှိသော မှူးမတ်မျိုးနွယ်လည်း ဖြစ်ရာ သူ၏ လုပ်ဆောင်ချက်များမှာ လွတ်လပ်မှု အပြည့် ရှိချေသည်။

သို့သော်လည်း ထိုကဲ့သို့သော လွတ်လပ်မှု၏ တန်ဖိုးကား အသက်နှင့်ပင် လဲရနိုင်ပေသည်။ အနန္တကြယ်ပျက်သဘော်၏ ဂြိုဟ်ဖျက်အမြောက် ဒဏ်ချက်မှာ အလွန်ပင် ကြောက်မက်ဖွယ် ကောင်းလှသည်။

မိနစ်အနည်းငယ် ကြာမြင့်သွားပြီ ဖြစ်သော်လည်း တွင်းကြီးအတွင်းရှိ အပူချိန်မှာ အလွန်မြင့်မားနေဆဲ ဖြစ်ပြီး အရည်ပျော်နေသော နံရံများနှင့် အဆိပ်ငွေ့များမှာလည်း ဖုံးလွှမ်းလျက် ရှိချေသည်။

မက်ကာ၏ ကာကွယ်မှုသာ မရှိပါက သာမန်လူနေနေသာသာ A- အဆင့် စစ်သည်တော် တစ်ဦးပင်လျှင် ဤနေရာ၌ တစ်မိနစ်မျှ ခံနိုင်ရည် ရှိမည် မဟုတ်ပေ။

ဝမ်ချန်သည် စစ်နတ်ဘုရား မက်ကာကို ထိန်းချုပ်ကာ အောက်သို့ ဆင်းသက်ရင်း ရှာဖွေရေးမီးများကို ဖွင့်လိုက်သည်။ နက်သာအခြေစိုက် စခန်းတွင် သက်ရှိအသိဉာဏ် ရှိချေသည်။

ယင်းသည် ဘုရင်မပျားကြီးနှင့် ဆင်တူပြီး လုပ်သားပျားများ၏ ထောက်ပံ့မှုဖြင့် နက်သာမုဆိုး၊ နက်သာမျက်လုံး၊ နက်သာနဂါး စသော တိုက်ခိုက်ရေး ယူနစ်များကို ဖန်တီးပေးခြင်း ဖြစ်သည်။

နက်သာအခြေစိုက်စခန်း၏ ကိုယ်ပိုင်အသိဉာဏ်မှာ အလွန်စွမ်းထက်ပြီး နက်သာစစ်တပ်ကို စစ်မြေပြင်တွင် ကွပ်ကဲနိုင်သော မြင့်မားသည့် ဉာဏ်ရည်ကို ပိုင်ဆိုင်ထားသည်။

အင်ပါယာ၏ လျှင်မြန်ပြင်းထန်သော တန်ပြန်တိုက်စစ်သာ မရှိခဲ့ပါက

ဤအခြေစိုက်စခန်းအား အလွယ်တကူ သိမ်းပိုက်နိုင်ရန် ဖြစ်တန်ရာ မရှိပေ။

ဤသည်မှာ ဝမ်ချန်အနေဖြင့် နက်သာအခြေစိုက်စခန်းနှင့် ပထမဆုံးအကြိမ် အနီးကပ် ထိတွေ့ဖူးခြင်းပင် ဖြစ်သည်။

ယင်းမှာ သေအံ့ဆဲဆဲ အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သော်လည်း ဝမ်ချန်သည် သတိမပေ့ါဘဲ ရှာဖွေမှုများကို ဆက်လက်လုပ်ဆောင်နေလေသည်။

စစ်နတ်ဘုရား မက်ကာသည် အနက်ပေ တစ်သောင်းခန့်အထိ ဆင်းသက်လာချိန်တွင် ဝမ်ချန်သည် ညာဘက်ရှိ ဥမင်နံရံဆီသို့ ရုတ်တရက်ပင် ဓားဖြင့် ခုတ်ပိုင်းလိုက်သည်။

ဓားအလင်းတန်းမှာ လက်ခနဲ ဖြစ်သွားပြီး ခဲနေသော ချော်ရည်များကို အပိုင်းပိုင်း ဖြစ်သွားစေကာ မှောင်အတိကျနေသော ဥမင်လမ်းတစ်ခုကို ပေါ်လာစေသည်။

အချင်း ပေ ၄၀၊ ၅၀ ခန့်ရှိသော ထိုဥမင်မှာ မက်ကာ တစ်စီး ဝင်ဆံ့နိုင်ရန် လုံလောက်ချေရာ ဝမ်ချန်သည် အတွင်းသို့ တိုက်ရိုက်ပင် ဝင်ရောက်သွားတော့သည်။ လောကအမြူတေစွမ်းအင်၏ အရှိန်အဝါမှာ ထိုဥမင်၏ နက်ရှိုင်းသော နေရာမှ ထွက်ပေါ်နေခြင်းပင် ဖြစ်သည်။

ရှာဖွေရေးမီးများ၏ အလင်းအောက်တွင် ဝမ်ချန်သည် ဥမင်၏ ထူးခြားသော ဝိသေသများကို တွေ့ရှိခဲ့သည်။

ယင်း၏ နံရံများမှာ ရောမ စက်လွန်ကြီးတစ်ခုဖြင့် ဖောက်ထွင်းထားသကဲ့သို့ ရှိပြီး သတ္တုရောင် တဖိတ်ဖိတ်တောက်နေသော အဝိုင်းပုံစံ အစင်းကြောင်းများမှာ အဆုံးမရှိသော အနက်ပိုင်းဆီသို့ ဦးတည်နေချေသည်။

ဝမ်ချန်သည် အရှိန်ကို လျှော့ချလိုက်ပြီး မက်ကာ၏ ရေဒါစနစ်ဖြင့် ပတ်ဝန်းကျင်ကို စမ်းသပ်ကြည့်သည်။ သို့သော်လည်း ပြင်းထန်သော နှောင့်ယှက်မှုများကြောင့် ကြည်လင်သော ပုံရိပ်များကို မရရှိခဲ့ပေ။

ထို့ကြောင့် သူသည် ရေဒါကို ပိတ်လိုက်ပြီး မိမိ၏ စိတ်အာရုံစွမ်းအားဖြင့်သာ စူးစမ်းရန် ဆုံးဖြတ်လိုက်သည်။ စွမ်းအင်၏ အရှိန်အဝါမှာ ပိုမိုပြင်းထန်လာပြီး သူ့အား ဥမင်လမ်းအတိုင်း ဆက်လက်ဝင်ရောက်ရန် ဆွဲဆောင်နေသကဲ့သို့ ရှိချေသည်။

ဝမ်ချန်သည် ကီလိုမီတာ တစ်ရာခန့်အထိ မောင်းနှင်လာပြီးနောက် ထိုထူးဆန်းသော ဥမင်၏ အဆုံးသတ်သို့ ရောက်ရှိခဲ့သည်။ ဧရာမ မြေအောက်လိုဏ်ဂူကြီးတစ်ခုက သူ၏ မျက်စိရှေ့တွင် ပေါ်လာတော့သည်။

လိုဏ်ဂူမှာ စက်ဝိုင်းပုံစံဖြစ်ပြီး မြေအောက်နက်နက်တွင် မြှုပ်နှံထားသော လုံးဝန်းသည့် အရာတစ်ခုနှင့် တူလှပေသည်။ ငွေမှင်ရောင်ရှိသော နံရံများမှာ ချောမွေ့နေပြီး စစ်နတ်ဘုရား မက်ကာ၏ ပုံရိပ်ကို ထင်ဟပ်နေချေသည်။

ဝမ်ချန် လိုဏ်ဂူအတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် နောက်ဘက်ရှိ ဥမင်လမ်းမှာ အသံတိတ်ပင် ပိတ်သွားတော့သည်။

သို့သော်လည်း ဝမ်ချန်မှာ ဂရုမထားနိုင်အားပေ။

အကြောင်းမှာ သူ၏ အာရုံစိုက်မှုအားလုံးမှာ လိုဏ်ဂူအလယ်တွင် ဝဲပျံနေသော မီးလျှံတစ်ခုဆီသို့ ရောက်ရှိနေသောကြောင့် ဖြစ်သည်။ ယင်းကား မူလမီးလျှံပင် ဖြစ်ချေသည်။

ဤသည်မှာ ဝမ်ချန်အနေဖြင့် နက္ခတ်တာရာ ပင်လယ်ပြင်အတွင်း ရှာဖွေတွေ့ရှိခဲ့သော ဒုတိယမြောက် မူလမီးလျှံဖြစ်ပြီး ယင်း၏ လောကအမြူတေ

စွမ်းအင်မှာ ပိုမိုအားကောင်းလှပေသည်။

သို့သော် ထူးဆန်းသည်မှာ စွမ်းအင်၏ ဒဏ်ကြောင့် စစ်နတ်ဘုရား မက်ကာ၏ ခုခံစွမ်းအားမှာ ပျက်ပြားသွားပြီး ပြင်ပချပ်ဝတ်များမှာ တိုက်စားခံရသည့် လက္ခဏာများ ပြလာခြင်းပင် ဖြစ်သည်။

ထိုတိုက်စားမှုများမှာလည်း သိသိသာသာပင် ပိုမိုကျယ်ပြန့်လာချေသည်။ အဆင့်မြင့် မက်ကာတစ်စီးဖြစ်သော စစ်နတ်ဘုရား မက်ကာသည် ခိုင်ခံ့သော သတ္တုများဖြင့် တည်ဆောက်ထားခြင်း ဖြစ်သော်လည်း လောကအမြူတေစွမ်းအင်၏ ရှေ့မှောက်တွင်မူ အလွန်ပင် နုနယ်နေပုံ ရချေသည်။

မက်ကာ၏ ထိန်းချုပ်ခန်းအတွင်း၌လည်း ပျက်စီးမှုများအတွက် သတိပေးချက်များ တောက်လျှောက် ပေါ်လာတော့သည်။

ဝမ်ချန်သည် သူ၏ စိတ်အာရုံစွမ်းအားများကို ချက်ချင်းပင် ထုတ်ဖော်လိုက်ပြီး မက်ကာ၏ ပြင်ပ၌ မမြင်နိုင်သော အကာအကွယ်တစ်ခုကို တည်ဆောက်ကာ စွမ်းအင်၏ တိုက်စားမှုကို ဟန့်တားလိုက်သည်။

သူသည် မူလမီးလျှံကို မည်ကဲ့သို့ ဘေးကင်းစွာ ဖမ်းယူရမည်ကို စဉ်းစားနေစဉ်မှာပင် ထိုမီးလျှံမှာ ရုတ်တရက် တုန်ခါသွားပြီးနောက် သူ၏ ရှေ့မှောက်၌ သေးငယ်သော ပုံရိပ်တစ်ခု ပေါ်လာလေသည်။

ယင်းမှာ ဝတ်စုံဖြူလေး ဝတ်ဆင်ထားသော မိန်းကလေးငယ်တစ်ဦးပင် ဖြစ်ချေသည်။ နက်မှောင်သော ဆံပင်၊ ဖြူဖွေးသော အသားအရေနှင့် အပြစ်ကင်းသော မျက်ဝန်းများကို ပိုင်ဆိုင်ထားသည့် ထိုကလေးမလေးမှာ လူသားတစ်ဦးနှင့် လုံးဝပင် မခြားနားလှပေ။

ထိုခဏ၌ ဝမ်ချန်၏ သတိထားမှုမှာ အမြင့်ဆုံးသို့ ရောက်ရှိသွားတော့သည်။

"နှုတ်ခွန်းဆက်ပါတယ်... အင်ပါယာက ရဲရင့်တဲ့ စစ်သည်တော်ကြီး"

ထိုမိန်းကလေးငယ်မှာ စကားစလိုက်ချေသည်။

"ကျွန်မရဲ့ နာမည်က ရှန်လန်ပါ... ကျွန်မရဲ့ အိမ်ကို ကြိုဆိုပါတယ်"

***

## အခန်း (၁၃၄၄)
## နက္ခတ်တာရာ ပင်လယ်ပြင် (၁၄၉)
*

စိတ်ဝင်စားစရာ ကောင်းလှပေစွ။

စစ်နတ်ဘုရား မက်ကာ၏ ထိန်းချုပ်ခန်းအတွင်း၌ ထိုင်နေရင်း ဝမ်ချန်၏ နှုတ်ခမ်းအစုံမှာ ပြုံးယောင်သန်းသွားခဲ့၏။

ထိုမိန်းကလေးငယ်သည် သူနှင့် ဆက်သွယ်ရာ၌ အသံကို အသုံးပြုခြင်း မရှိသလို၊ အင်ပါယာသုံး ဘာသာစကားကိုလည်း ဆိုခဲ့သည်မဟုတ်။

သို့သော်ငြား ယင်းဆိုလိုသမျှ အဓိပ္ပာယ်အလုံးစုံကိုမူ ဝမ်ချန်တစ်ယောက် အတိုင်းသား ကြားနေရရုံမျှမက အပိုင်ပင် နားလည်နေချေသည်။

ဤသည်ကား စိတ်အာရုံစွမ်းအားဖြင့် အချင်းချင်း ဆက်သွယ်ခြင်းပင် ဖြစ်ပေတော့မည်။ တစ်နည်းဆိုရသော် တစ်ဖက်လူသည် စူပါစစ်သည်တော်တို့၏ စံနှုန်းကို မှီနေပြီဖြစ်ရာ၊ ဟိုလီလိုက် အင်ပါယာတစ်ခုလုံးရှိ သန်းနှင့်ချီသော စွမ်းအားရှင်များထဲတွင်ပင် ထိုရိုးသားဖြူစင်လှပါသည်ဆိုသော မိန်းကလေးထက် သာလွန်သူ ရှိမယ်မထင်ချေ။

ယင်းမိန်းကလေးထံမှ သူသည် ပြင်းထန်သော ခြိမ်းခြောက်မှု အငွေ့အသက်ကိုပင် ခံစားနေရ၏။

ခဏအကြာတွင် ဝမ်ချန်သည် မက်ကာ၏ အခန်းတံခါးကို ဖွင့်ကာ အပြင်သို့ ခုန်ထွက်လိုက်လေသည်။

ထိုကဲ့သို့သော ပြိုင်ဘက်နှင့် ရင်ဆိုင်ရချိန်တွင် စစ်နတ်ဘုရား မက်ကာသည် အထောက်အပံ့ မဖြစ်နိုင်ရုံမျှမက ဝန်ထုပ်ဝန်ပိုးတစ်ခုသာ ဖြစ်ပေလိမ့်မည်။

သူသည် မြေပြင်ပေါ်သို့ အသာအယာ ဆင်းသက်လိုက်သည်နှင့် တစ်ပြိုင်နက် မက်ကာယာဉ်ကို နက္ခတ်တာရာ လက်စွပ်အတွင်းသို့ ပြန်လည် သိမ်းဆည်းလိုက်၏။

"အိုး..."

မိန်းကလေး၏ မျက်ဝန်းအစုံမှာ အရောင်တလက်လက် တောက်ပလာပြီးနောက် "အင်ပါယာက ဟင်းလင်းပြင် သိုလှောင်မှု နည်းပညာကို ဘယ်တုန်းကများ ပိုင်ဆိုင်သွားတာလဲ" ဟု မေးမြန်းလိုက်သည်။

ဝမ်ချန်သည် ယင်းမေးခွန်းကို ဖြေကြားခြင်း မပြုဘဲ "မင်းက ဘယ်သူလဲ" ဟုသာ တန်ပြန် မေးခွန်းထုတ်လိုက်၏။

"ကျွန်မ နာမည်က ရှန်လန်ပါ"

မိန်းကလေး၏ နှုတ်ခမ်းစွန်းမှာ အနည်းငယ် ကွေးညွတ်သွားပြီး ဝိုင်းစက်သော မျက်ဝန်းအစုံမှာလည်း ထူးခြားသော အလင်းတန်းများ ဖြာထွက်နေသည်။

ဝမ်ချန်သည် ခဏမျှ တိတ်ဆိတ်သွားပြီးမှ "ငါ ခန့်မှန်းတာ မမှားဘူးဆိုရင် မင်းက နက်သာအသိုက်အမြုံ ပဲ ဖြစ်ရမယ်" ဟု ဆိုလိုက်တော့သည်။

ပို၍ တိကျစွာ ဆိုရသော် သူသည် နက်သာအသိုက်အမြုံ၏ ဝိညာဉ်၊ သို့မဟုတ် စိတ်ဝိညာဉ် အမှတ်အသားများ စုစည်းရာမှ ဖြစ်တည်လာသော ကိုယ်ပွားဖြစ်တန်ရာ၏။

အမိပ္ပာယ်မှာ မသေမျိုးလက်နက်များထဲမှ လက်နက်ဝိညာဉ်နှင့် ဆင်တူ

ပေလိမ့်မည်။ သို့သော်လည်း တစ်ဖက်လူသည် နက်သာအသိုက်အမြုံနှင့် တိုက်ရိုက် ဆက်နွှယ်နေကြောင်းကိုမူ ဝမ်ချန် တစ်ထပ်တည်း အတည်ပြုနိုင်ပေသည်။

"ရှင်က ကျွန်မ မြင်ဖူးသမျှထဲမှာ အသန်မာဆုံး လူသားပဲ"

ရှန်လန်သည် သက်ပြင်းတစ်ချက်ကို ဖွင့်ထုတ်လိုက်ရင်း "ရှင့်နာမည်ကို သိလို့ရလား" ဟု ဆို၏။

ဝမ်ချန်ကလည်း "ငါ့နာမည်က ဝမ်ချန်... အင်ပါယာ စစ်တပ်က ဗိုလ်မှူးကြီးတစ်ယောက်ဖြစ်သလို ဂုဏ်သိက္ခာရှင် မှူးမတ်မျိုးနွယ်လည်း ဖြစ်တယ်" ဟု ပြန်လည် ဖြေကြားခဲ့သည်။

တစ်ဖက်လူသည် သူ၏ ခန့်မှန်းချက်ကို ငြင်းဆိုခြင်း မပြုပေရာ၊ သူ၏ ထင်မြင်ချက်မှာ မှန်ကန်နေပေပြီ။ သို့သော်ငြား ယင်းသည် သတင်းကောင်း တစ်ခု မဟုတ်ခဲ့ချေ။

အမှန်စင်စစ် ဝမ်ချန်သည် သေရေးရှင်ရေး တိုက်ပွဲတစ်ခုအတွက် အဆင်သင့် ပြင်ထားပြီးသားပင်။ ရှန်လန်သည် နက္ခတ်တာရာ ပင်လယ်ပြင်တွင် သူရင်ဆိုင်ရဖူးသမျှ ရန်သူများထဲ၌ အင်အားအကြီးဆုံးဖြစ်သည်မှာ ယုံမှားသံသယ ရှိစရာမလို။

ဝမ်ချန်သည် မပျက်စီးနိုင်သော ဝရဇိန်ခန္ဓာ ၏ သတ္တမအဆင့်အထိ ကျင့်ကြံထားနိုင်သလို ရှစ်ဆင့်မြောက် စိတ်အာရုံစွမ်းအားကိုလည်း ပိုင်ဆိုင်ထားသူ ဖြစ်သော်လည်း အနိုင်ရရှိရန်အတွက်မူ အပြည့်အဝ ယုံကြည်မှု မရှိသေးပေ။

သူသည် စကားပြောရင်းနှင့်ပင် စစ်သုံးဓားတစ်လက်ကို ဆွဲထုတ်လိုက်လေသည်။

နက္ခတ်တာရာ လက်စွပ်အတွင်း၌ လက်နက် ခဲယမ်းမီးကျောက်များစွာ ရှိသော်လည်း ထိုအရာများဖြင့် ရှန်လန်ကို အနည်းငယ်မျှပင် အနာတရဖြစ်အောင် လုပ်နိုင်မည် မဟုတ်ကြောင်း ဝမ်ချန် သိနားလည်ထား၏။

ရှန်လန်သည် ချစ်စဖွယ်ကောင်းသော အမူအရာဖြင့် တဟားဟား ရယ်မောလိုက်ပြီး "ကိုကြီးလို့ ခေါ်လို့ရမလား... ကိုကြီး၊ ကျွန်မကလေ..." ဟု ဆိုကာ ချွဲနွဲ့ပြနေလေသည်။

သို့သော်လည်း ထိုချစ်စဖွယ် အမူအရာများကို ဝမ်ချန်က လျစ်လျူရှုကာ လျှပ်စီးလက်သည့်အလား မြန်ဆန်လှသော ဓားချက်တစ်ချက်ဖြင့် တုံ့ပြန်လိုက်၏။

ထက်မြက်သော ဓားအလင်းတန်းမှာ ရှန်လန်၏ လည်ပင်းကို ဖြတ်သန်းသွားခဲ့သဖြင့် သူမ၏ ခန္ဓာကိုယ်မှာ သိသိသာသာ တုန်ခါသွားရသည်။

သို့သော်ငြား ရှန်လန်သည် ခေါင်းကို တစ်ချက် ခါလိုက်သည်နှင့် လည်ပင်းပေါ်မှ ဒဏ်ရာမှာ ချက်ချင်း ပျောက်ကွယ်သွားပြီး ငိုမဲ့မဲ့ အမူအရာဖြင့် "ကိုကြီးက ဘာလို့ ကျွန်မကို သတ်ချင်ရတာလဲ... ဘာလို့လဲ" ဟု မေးခွန်းထုတ်လာချေသည်။

"ဘာလို့လဲ" "ဘာလို့လဲ "ဘာလို့လဲ"

ဝမ်ချန်၏ စိတ်အာရုံထဲ၌ ထိုမိန်းကလေးငယ်၏ မေးခွန်းသံများဖြင့် ပြည့်နှက်သွားတော့၏။

ဝမ်းနည်းခြင်း၊ နာကျင်ခြင်း၊ မျှော်လင့်ချက်မဲ့ခြင်းနှင့် ဒေါသတရားများမှာ ထက်မြက်သော ဓားသွားများကဲ့သို့ပင် သူ၏ ဝိညာဉ်ကို ဆွဲဖြဲရန် ကြိုးပမ်းနေကြသည်။

ဤကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုကို စိတ်အာရုံစွမ်းအား

သက်သက်ဖြင့် ကာကွယ်ရန် မစွမ်းသာချေ။

"ဟမ့်"

ဝမ်ချန်သည် ဒေါသတကြီး ကြုံးဝါးလိုက်ရာ သူ၏ အသိဉာဏ်ပင်လယ် အတွင်း၌ မဟာကောင်းကင်နဂါးပုံရိပ် မှာ ရုတ်ချည်း ပေါ်ပေါက်လာခဲ့၏။

ဤသည်ကား မပျက်စီးနိုင်သော ဝရဇိန်ခန္ဓာ၏ သတ္တမမြောက် အဆင့် ဖြင့် ဖော်ဆောင်ထားသော အထွဋ်အထိပ် ပုံရိပ်ပင် ဖြစ်သည်။

ယင်းသည် ကောင်းကင်ယံမှ နေမင်းပမာ ထိန်ထိန်တောက် လင်း လက်သွားပြီး သူ၏ စိတ်အာရုံကို နှောင့်ယှက်နေသော အညစ်အကြေး အ မှောင်ထုများကို ချက်ချင်း ဖယ်ရှားပစ်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် ဝမ်ချန်သည် သူ၏ ဘယ်ဘက်လက်မောင်းတွင် တပ်ဆင်ထားသော နတ်ဆိုးသတ်ကွန်ရက်  ကို အသက်သွင်း၍ ရှန်လန် ထံသို့ ပစ်လွှတ်လိုက်သည်။

သို့သော် ရှန်လန်မှာ မျက်စိတစ်မှိတ်အတွင်း တစုံတရာ အစအနမျှ မကျန် အောင် ပျောက်ကွယ်သွားခဲ့ရာ နတ်ဆိုးသတ်ကွန်ရက်မှာ ဟင်းလင်းပြင်ကို သာ ဖမ်းဆီးမိလိုက်တော့၏။

ထိုထက် ပို၍ ဆိုးသည်မှာ ဤမြေအောက်လိုဏ်ဂူအတွင်း၌ နတ်ဆိုးသတ် ကွန်ရက်၏ စွမ်းအားမှာ များစွာ ဖိနှိပ်ခံထားရခြင်းပင်။

ဝမ်ချန်သည် သူ၏ အစွမ်းရှိသမျှ ထုတ်သုံးလျှင်ပင် ယင်းကွန်ရက်ကို ပုံ မှန်အရွယ်အစား၏ ဆယ်ပုံတစ်ပုံခန့်သာ ဖြန့်ကျက်နိုင်ပေသည်။

ဤမသေမျိုးရတနာသည် ရှန်လန်ကို ကိုင်တွယ်ရန် မလုံလောက်ကြောင်း သေချာသွားပြီ ဖြစ်သည်။

"နက်သာအသိုက်အမြုံရဲ့ ဝိညာဉ်..."

ဝမ်ချန်သည် နတ်ဆိုးသတ်ကွန်ရက်ကို ချက်ချင်း ပြန်သိမ်းလိုက်ပြီး နောက် မြှားတစ်စင်းအလား ရှေ့သို့ ထိုးထွက်သွားလေသည်။

သူ နေရာရွှေ့လိုက်သည်နှင့် တစ်ပြိုင်နက် ရှန်လန်သည် သူ၏ နောက်ကျောဘက်၌ ရုတ်ခြည်း ပေါ်လာခဲ့၏။ ယခင်က ဖြူစင်လှပပါသည် ဆိုသော "မိန်းကလေးငယ်" မှာ ယခုအခါ သူမ၏ ကြောက်မက်ဖွယ် ကောင်းသော အသွင်မှန်ကို ဖော်ပြနေပြီ ဖြစ်သည်။

သူမ၏ ဆံပင်များမှာ အဆိပ်ရှိ မြွေဟောက်များအလား ရွေ့လျားနေသော အနက်ရောင် ရှန်းကန်နေသည့် အသားမျှင်များ အဖြစ် ပြောင်းလဲသွားပြီး ဖြူဝင်းသော ပါးပြင်ပေါ်တွင် ခရမ်းရောင် အစင်းကြောင်းများ ပေါ်ပေါက် လာကာ ထက်မြက်သော သွားများဖြင့် ပြည့်နှက်နေသည့် ပါးစပ်ကြီးကို ဟ လိုက်တော့၏။

"အား..."

သူမသည် အသံမထွက်သော အော်ဟစ်သံကို လွှတ်ထုတ်လိုက်ရာ ရှေ့ရှိ ဟင်းလင်းပြင်မှာ မမြင်ရသော ဓားသွားများဖြင့် ပိုင်းဖြတ်ခံရသည့်အလား ပြင်းထန်စွာ တုန်ခါသွားသည်။

ဝမ်ချန်သည် ချက်ချင်း နောက်လှည့်ကာ မျက်ဝန်းများမှ နတ်ဘုရား အလင်းတန်းများ ဖြာထွက်လျက် ရှန်လန်၏ တိုက်ခိုက်မှုကို စစ်သုံးဓားဖြင့် ကာကွယ်လိုက်ရ၏။

"ရှပ်... ရှပ်... ရှပ်..."

ဝမ်ချန် ဝတ်ဆင်ထားသော အထူးစစ်ဝတ်စုံမှာ နေရာအနှံ့ ပဲ့ကြွေသွားပြီး အတွင်းမှ အရေပြားများ ပေါ်ထွက်လာသည်။

သို့သော်လည်း သံမဏိကိုပင် လွယ်ကူစွာ ဖောက်ထွင်းနိုင်သော ထို

လှိုင်းတံပိုး ဓားချက်များသည် ဝမ်ချန်၏ အရေပြားပေါ်တွင် အရာထင်ရုံမျှသာ စွမ်းဆောင်နိုင်ခဲ့၏။

ထိုစဉ် ဝမ်ချန်သည် စစ်သုံးဓားကို မြေပြင်သို့ ထိုးစိုက်လိုက်ပြီး ညာလက်ဖြင့် ရှန်လန်ရှိရာဘက်သို့ လှမ်း၍ ဆုပ်ကိုင်လိုက်သည်။

သူသည် သူ၏ စိတ်အာရုံစွမ်းအား အားလုံးကို အသုံးချလိုက်ခြင်းပင်။ မြေအောက်လိုဏ်ဂူအတွင်းရှိ လေထုမှာ ရုတ်ချည်း အေးခဲသွားပြီးနောက် အဆမတန် လေးလံလာကာ ရှန်လန်၏ ပတ်ဝန်းကျင်ရှိ ဟင်းလင်းပြင်ကို ပိတ်ဆို့၍ ပြင်းထန်သော ဖိအားဖြင့် နှိပ်ကွပ်လိုက်တော့သည်။

ရုစ်ဆင့်မြောက် စိတ်အာရုံစွမ်းအားသည် အင်ပါယာ စစ်သဘော်တစ်စင်းကိုပင် ဖျက်ဆီးပစ်နိုင်သည့် အစွမ်းရှိပေရာ၊ ရှန်လန်သည် လှုပ်ရှား၍မရဘဲ ပိတ်မိသွားသော်လည်း အလျှော့မပေးဘဲ အစွမ်းကုန် ရုန်းကန်နေဆဲဖြစ်၏။

သူမသည် မိန်းကလေးငယ်တစ်ဦး၏ အသွင်ကို မထိန်းထားနိုင်တော့ဘဲ တောရဲတိရစ္ဆာန်များ၊ သရဲတစ္ဆေများအသွင် အမျိုးမျိုး ပြောင်းလဲနေပြီး ပေါက်ကွဲထွက်တော့မည့် ချူကလီးယားဗုံးတစ်လုံးအလား အင်အားများမှာ တိုးပွားနေလေသည်။

သူမသည် သူမကိုယ်သူမ လောင်စာအဖြစ် အသုံးချကာ လောကမူလအမြုတေ ၏ အစွမ်းကိုပင် ဆွဲယူနေချေပြီ။ မိနစ်အနည်းငယ်အတွင်းမှာပင် ဝမ်ချန်၏ နဖူးပေါ်၌ ချွေးစေးများ ပျံတက်လာသည်။

အကယ်၍ သူသာ မြင်းစီးသမားဆိုလျှင် နက်သာအသိုက်အမြုံ၏ ဝိညာဉ်သည် ထိန်းကျောင်းရန် ခက်ခဲလှသော တောမြင်းရိုင်းတစ်ကောင်နှင့် တူပေလိမ့်မည်။

သို့သော်လည်း ယခုအခြေအနေတွင် ဝမ်ချန်သည် လက်လွှတ်ရန် အခွင့်မရှိတော့ချေ။ သို့မဟုတ်ပါက သူကိုယ်တိုင် သေဆုံးရပေလိမ့်မည်။ ထို့ကြောင့်ပင် နှစ်ဦးသားမှာ အပြန်အလှန် အားပြိုင်နေကြရတော့သည်။

ကမ္ဘာပျက်မတတ် တိုက်ပွဲဝင်ခန်းများ၊ အမြောက်သံများ မကြားရသော်လည်း ဤတိုက်ပွဲ၏ အန္တရာယ်နှင့် ပြင်းထန်မှုမှာ ဝမ်ချန် ရင်ဆိုင်ခဲ့ဖူးသမျှ တိုက်ပွဲများထက်ပင် သာလွန်နေပေဦးမည်။

အချိန်ကြာလာသည်နှင့်အမျှ ဝမ်ချန်ဘက်မှ အသာစီး ရလာခဲ့၏။ နက်သာအသိုက်အမြုံ၏ ဝိညာဉ်မှာ ရုန်းကန်မှုများ လျော့ပါးသွားသည်။ ဝမ်ချန်သည် တစ်စုံတစ်ခုကို ရုတ်တရက် နားလည်သွားခဲ့၏။

ရှန်လန်သည် အဆုံးစွန်၌ နက်သာအသိုက်အမြုံ၏ ထွက်ကုန်တစ်ခုသာဖြစ်ပေရာ၊ အသိုက်အမြုံကြီးမှာ ပျက်စီးလုနီးပါး ဖြစ်နေပြီဖြစ်သဖြင့် သူမထံသို့ ပေးပို့နိုင်သော အင်အားမှာလည်း တဖြည်းဖြည်း လျော့နည်းလာခြင်းပင် ဖြစ်သည်။

အမှန်စင်စစ် ဝမ်ချန်သည် နာရီအနည်းငယ်ခန့် နောက်ကျ၍ ရောက်လာခဲ့ပါက ထိုဝိညာဉ်သည် တည်ရှိနေတော့မည်ပင် မဟုတ်တော့ချေ။

ထိုအချက်ကို ရှန်လန်ကိုယ်တိုင်လည်း သိရှိသွားပုံရရာ သူမသည် ရှန်လန်၏ အသွင်ကို ပြန်လည် ပြောင်းလဲလိုက်သော်လည်း သူမ၏ မျက်စိ၊ နှာခေါင်း၊ နားနှင့် ပါးစပ်တို့မှ သွေးများ ယိုစီးကျနေပြီး မျက်ဝန်းအစုံမှာလည်း နာကျည်းချက်များဖြင့် ပြည့်နှက်နေသည့် ရန်ငြိုးကြီးသော ဝိညာဉ်တစ်ခုအလား ဖြစ်နေချေတော့သည်။

နောက်တစ်ခဏတွင်မူ သူမသည် ရုတ်ချည်းပင် ပေါက်ကွဲထွက်သွားလေတော့သတည်း။

***